ပုံစံ(၉)

ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

ခုံသမာဓိအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ် ( ၁၆ / ၂၀၂၂ )

ဒေါ်သီတာထွန်းပါ (၄)ဦး ( အလုပ်သမား )
အမှတ် (၇၇)၊ (၆)လမ်း၊ ချစ်တီးကုန်းရပ်ကွက်၊
မင်္ဂလာဒုံမြို့နယ်။ ၀၉ - ၇၉၀ ၂၂၅ ၈၀၉
} နစ်နာ၍တောင်းဆိုသူ

နှင့်

ဦးစိုးမြင့်ထွန်း ( အလုပ်ရှင် )
Myanmar FISCA Security & Communication Co.,Ltd
( လုံခြုံရေးဆိုင်ရာစက်ပစ္စည်းများဝန်ဆောင်မှုလုပ်ငန်း )
ဒေါ်ကေဇင်ဝင်း ( Account )
( အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ )
ပြည်လမ်း၊ ရတနာအိမ်ရာ၊ အမှတ်(1/B)၊ မရမ်းကုန်းမြို့နယ်။
၀၉ - ၂၆၂ ၉၀၃ ၁၆၂
} တောင်းဆိုခြင်းခံရသူ

ရက်စွဲ ။ ၂၀၂၂ ခုနှစ်၊ မေ လ ၁၆ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊ ရတနာအိမ်ရာ၊ အမှတ်(1/B)ရှိ Myanmar FISCA Security & Communication Co.,Ltd ( လုံခြုံရေးဆိုင်ရာစက်ပစ္စည်းများ ဝန်ဆောင်မှုလုပ်ငန်း )၊ ဦးစိုးမြင့်ထွန်း(အလုပ်ရှင်)၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်ကေဇင်ဝင်း ( Account ) နှင့် အလုပ်သမား ဒေါ်သီတာထွန်းပါ (၄)ဦးတို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို မရမ်းကုန်းမြို့နယ်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ ယခုအငြင်းပွားမှုသည် အလုပ်ရှင် ဦးစိုးမြင့်ထွန်း၊ Myanmar FISCA Security & Communication Co.,Ltd နှင့် အလုပ်သမား ဒေါ်သီတာထွန်းပါ(၄)ဦးတို့အကြား ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလမှစ၍ ထောက်ပံ့ကြေးတစ်စုံတစ်ရာမျှ မပေးခဲ့ဘဲ အလုပ်မှရပ်နား ထားခဲ့ပြီး အလုပ်ရှင်က (၂၁-၃-၂၀၂၂)ရက်နေ့မှစ၍ မူလရာထူး၊ မူလလစာဖြင့် အလုပ်ပြန်လည် ဝင်ရောက်ရန်ပြောဆိုမှုအပေါ် ညှိနှိုင်းပေးခဲ့သော်လည်း ဒေါ်သီတာထွန်းပါ(၄)ဦးမှ အလုပ်ရှင်က မူလလစာသာပေးပြီး သင့်တော်သောနေရာများတွင် လုပ်ငန်းတာဝန်ပေးသွားမည်ကို ကျေနပ်မှု မရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှု ဖြစ်ပါသည်။

**ကောက်ချက်** ။ အလုပ်သမား ဒေါ်သီတာထွန်းပါ (၄)ဦးမှ မူလနေရာ၊ မူလရာထူး၊ မူလလစာအတိုင်း အလုပ်ပြန်ခန့်ပေးပါရန်နှင့် အလုပ်ပြန်မခန့်နိုင်ပါက ဥပဒေနှင့်အညီ အလုပ်ရပ်စဲမှု နစ်နာကြေးပေးရန်။

**တွေ့ရှိချက်** ။

၄။ အလုပ်သမားများ၏ကိုယ်စား ဒေါ်သီတာထွန်းမှ ထွက်ဆိုရာတွင် Myanmar FISCA Security & Communication Co.,Ltd တွင် ဒေါ်သီတာထွန်းသည် ၁-၁၁-၂၀၀၂ ရက်နေ့တွင် စတင်ဝင်ရောက်ပြီး မော်တော်ယာဉ်မှူးအဖြစ် လစာငွေ ကျပ် ၁၈၀,၀၀၀/- ကိုလည်းကောင်း၊ ဒေါ်ခင်သန္တာသည် ၃၀-၁-၂၀၀၈ ရက်နေ့တွင် စတင်ဝင်ရောက်ပြီး Assistant Manager အဖြစ် လစာငွေ ကျပ် ၁၅၅,၀၀၀/- ကိုလည်းကောင်း၊ ဒေါ်နုနုအေးသည် ၁၉-၂-၂၀၀၅ ရက်နေ့တွင် စတင်ဝင် ရောက်ပြီး Staff အဖြစ် လစာငွေ ကျပ် ၁၅၀,၀၀၀/- ကို လည်းကောင်း၊ ဒေါ်သရဖီ ထွန်းသည် ၁၈-၅-၂၀၁၁ ရက်နေ့တွင် စတင်ဝင်ရောက်ပြီး အတွင်းရေးမှူးအဖြစ် လစာငွေ ကျပ် ၁၆၀,၀၀၀/- ကိုလည်းကောင်း အသီးသီးရရှိခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ မှစ၍ ရုံးအမိန့်ကြေညာချက် (၁/၂၀၂၀)ဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြောင့် ခေတ္တရပ်နား ခဲ့ပါကြောင်း၊ ရပ်နားသည့် ( ၁ နှစ် ၄ လ )ကာလအတွင်း မည်သည့်လစာ၊ ထောက်ပံ့ကြေးများမှ မရရှိခဲ့ပါကြောင်း၊ ရုံးချုပ်မှ အလုပ်ပြန်ခေါ်မည့် အခြေအနေမရှိသည့်အတွက် မရမ်းကုန်း မြို့နယ်အဆင့်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ ၂၈-၂-၂၀၂၂ ရက်နေ့တွင် တိုင်ကြားခဲ့ရာတွင် အလုပ်ရှင်၊

အလုပ်သမား ဆွေးနွေးညှိနှိုင်းခိုင်းခဲ့သောကြောင့် ကုမ္ပဏီသို့သွားပြီး ဆွေးနွေးညှိနှိုင်းခဲ့ရာ အခြားမြို့နယ်များတွင်သာ တာဝန်ထမ်းဆောင်ရန်ပြောကြားခဲ့၍ ပြေလည်မှု မရရှိခဲ့သဖြင့် ၂၅-၃-၂၀၂၂ ရက်နေ့တွင် ထပ်မံတိုင်ကြားခဲ့ပါကြောင်း၊ အလုပ်ရှင်နှင့် ညှိနှိုင်းစဉ် မူလနေရာဖြင့် လုပ်ကိုင်မည်ဆိုလျှင် မြစ်ကြီးနား၊ ဘားအံတို့သာ လစ်လပ်ကြောင်း မူလလစာနှင့် မူလနေရာ ကိုသာပေးမည်၊ မူလရာထူးကိုမူ ကုမ္ပဏီတွင် မရှိတော့သည့်အတွက် သင့်တော်သောနေရာများ တွင် ပေးနိုင်မည်ဖြစ်ကြောင်း၊ သင့်တော်သောနေရာကို စီမံရေးရာနေရာတွင်ပေးရန် တောင်းဆို ခဲ့သော်လည်း အလုပ်ရှင်မှ အခြားဌာနများတွင်လည်း လုပ်ကိုင်ရမည်ဖြစ်ကြောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားနှစ်ဦး အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ်(ECစာချုပ်)ချုပ်ဆိုထား ခြင်းမရှိဘဲ အလုပ်ဝင်စဉ် CV Form ပါ ကုမ္ပဏီစည်းကမ်းချက်များဖြင့် လုပ်ကိုင်ခဲ့ပါကြောင်း၊ ယနေ့အထိ တစ်စုံတစ်ရာ အပြစ်ပေးခံရခြင်း မရှိခဲ့ပါကြောင်း၊ အလုပ်သမားများမှ သင့်တော် သောနေရာ(စီမံ)တွင် မပေးနိုင်လျှင် မူလနေရာ၊ မူလ ရာထူး၊ မူလလစာတို့ဖြင့် ပြန်ခန့်ပေးရန်နှင့် ပြန်မခန့်နိုင်ပါက ဥပဒေနှင့်အညီ အလုပ်ရပ်စဲမှု နစ်နာကြေးရလိုကြောင်း စစ်ဆေးတွေ့ရှိရပါ သည်။

၅။ အလုပ်ရှင်၏ကိုယ်စား ဒေါ်ကေဇင်ဝင်း ( Account )မှ ထွက်ဆိုရာတွင် Myanmar FISCA Security & Communication Co.,Ltd ကို ၁၁-၈-၂၀၁၄ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါ ကြောင်း၊ ဒါရိုက်တာအဖွဲ့ဝင် (၃)ဦးဖြင့် တည်ထောင်ထားပါကြောင်း၊ ယခုအငြင်းပွားမှုတွင် အလုပ်ရှင်အနေဖြင့် ဦးစိုးမြင့်ထွန်းဖြစ်ပါကြောင်း၊ အလုပ်သမားများတင်ပြသော အလုပ်စတင် ဝင်ရောက်သည့်နေ့တို့သည် မှန်ကန်ပါကြောင်း၊ တင်ပြသော လစာဘေလ်တွင်ပါဝင်သည့် လစာများ မှန်ကန်ပါကြောင်း၊ အလုပ်သမား(၄)ဦး နောက်ဆုံးထုတ်ယူခဲ့သော ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် ဒေါ်သီတာထွန်းသည် လစာငွေ ကျပ် ၁၈၀,၀၀၀/- ၊ ဒေါ်ခင်သန္တာသည် လစာငွေ ကျပ် ၁၅၀,၀၀၀/- ၊ ဒေါ်နုနုအေးသည် လစာငွေ ကျပ် ၁၅၀,၀၀၀/-၊ ဒေါ်သရဖီထွန်း သည် လစာငွေ ကျပ် ၁၅၀,၀၀၀/- တို့ ဖြစ်ပါကြောင်း၊ အလုပ်ရှင်အား အလုပ်သမားများ၏ စတင်ဝင်ရောက်သည့်နေ့ အတည်ပြုခိုင်းခဲ့မှုအပေါ် အလုပ်သမား ဒေါ်သီတာထွန်းပါ(၄)ဦးတို့ သည် Myanmar FISCA Security & Communication Co.,Ltd အမည်ဖြင့် မဖွင့်မီကတည်းက ယခင်ကုမ္ပဏီအမည်နှင့် အလုပ်ရှင်အတူတူဖြစ်သည့်အတွက် ၎င်းတို့စတင်ဝင်သည့်နေ့များသည်

မှန်ကန်ပါကြောင်း၊ အလုပ်သမား(၄)ဦးအား မူလလစာ အတိုင်းပေးမည်၊ ရာထူးနေရာ မရှိသည့်အတွက် မပေးနိုင်ပါကြောင်း၊ သင့်တော်သောနေရာကိုသာပေးနိုင်မည်ဖြစ်ကြောင်း၊ ဒေါ်သီတာထွန်းသည် မော်တော်ယာဉ်မှူးရာထူးရရှိထားသော်လည်း ယခုတွင် ၎င်းနေရာမရှိသဖြင့် အခြားသင့်တော်သောနေရာတွင် အလုပ်ပေးမည်ဖြစ်ပါကြောင်း၊ မဖြစ်သင့်တဲ့နေရာမျိုးအားခိုင်းစေမည် မဟုတ်ပါကြောင်း၊ ကျန်ဝန်ထမ်းများလည်း ထိုနည်းတူသကဲ့သို့ဖြစ်ပါကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားနှစ်ဖက် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် (ECစာချုပ်) မရှိပါကြောင်း၊ အလုပ်ခွင် စည်းကမ်းချက်များသာရှိပါကြောင်း၊ အလုပ်သမားများ စတင်ဝင်ရောက်သည့်နေ့တွင်ပင် အလုပ်ခွင်စည်းကမ်းချက်ကို လက်မှတ်ရေးထိုးပြီးမှ ဝင်ရောက်လုပ်ကိုင်ရပါကြောင်း၊ အလုပ်သမား ဒေါ်သီတာထွန်းပါ (၄)ဦးတို့သည် အလုပ်ရှင်မှ အပြစ်ပေး၊ အရေးယူမှု တစ်စုံတစ်ရာ မရှိခဲ့ပါကြောင်း၊ အလုပ်ရှင်အနေဖြင့် အလုပ်သမားများ အလုပ်ပြန်ဝင်ရောက်မည်ဆိုလျှင် မူလလစာအတိုင်းရရှိပြီး သင့်တော်သောနေရာကိုသာ ပေးနိုင်မည်ဖြစ်ပြီး ၎င်းတို့တောင်းဆိုသော မူလနေရာ၊ မူလရာထူးတို့ဖြင့် ပြန်လည်မခန့်ထားနိုင်ပါကြောင်းနှင့် မူလလစာအတိုင်းသာ ပေးမည်ဖြစ်ပါကြောင်း ထွက်ဆိုတင်ပြထားပါသည်။

**သုံးသပ်ချက်** ။

၆။ အထက်ပါ အလုပ်ရှင်၊ အလုပ်သမားတို့၏ ထွက်ဆိုတွေ့ရှိချက်များအရ Myanmar FISCA Security & Communication Co.,Ltd ကို ၂၀၁၄ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သော်လည်း အလုပ်သမား ဒေါ်သီတာထွန်းပါ(၄)ဦးတို့အား ယခင်ကုမ္ပဏီကတည်းက အလုပ်ရှင်ခန့်ထားခဲ့ခြင်းကြောင့် ဒေါ်သီတာထွန်း စတင်ဝင်သည့် ၂၀၀၂ ခုနှစ်၊ ဒေါ်ခင်သန္တာ စတင်ဝင်သည့် ၂၀၀၈ ခုနှစ်၊ ဒေါ်နုနုအေး စတင်ဝင်သည့် ၂၀၀၅ ခုနှစ်၊ ဒေါ်သရဖီထွန်း စတင်ဝင်သည့် ၂၀၁၁ ခုနှစ်တို့ကို အလုပ်ရှင်မှ အတည်ပြုခဲ့ပါကြောင်း၊ ရရှိသောလစာများမှာ အလုပ်ရှင်တင်ပြထားသော အလုပ်သမား(၄)ဦးတို့မှ နောက်ဆုံးထုတ်ယူခဲ့သည့် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၏ လစာ မှန်ကန်ကြောင်း၊ ကုမ္ပဏီအနေဖြင့် အလုပ်သမား (၄)ဦးအား အလုပ်မှထုတ်ပယ်ခြင်း၊ အင်အားလျှော့ခြင်း၊ ကုမ္ပဏီပိတ်ခြင်းတို့မဟုတ်ဘဲ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလမှစ၍ မည်သည့်လစာ၊ ထောက်ပံ့ကြေးများမပေးဘဲ ရပ်နားခဲ့ပါကြောင်း၊ အလုပ်ကိုလည်း ပြန်လည်ခေါ်ယူခြင်းမရှိဘဲ အငြင်းပွားသည့်အချိန်မှ မူလလစာအတိုင်း

သင့်တော်သည့်နေရာများကိုသာ တာဝန်ပေးအပ်မည့်အပေါ် အလုပ်သမား(၄)ဦးတို့မှ လက်ခံနိုင်ခြင်း မရှိပါကြောင်း၊ အလုပ်သမား ဒေါ်သီတာထွန်းပါ (၄)ဦးတို့သည် လုပ်သက်ရင့် ဝန်ထမ်းများဖြစ်ပြီး လုပ်ကိုင်ခဲ့သောရာထူးများဖြင့် ကျွမ်းကျင်နေခြင်းကြောင့် အလုပ်ရှင်မှ အပြစ်ပေး၊ အရေးယူမှု တစ်စုံတစ်ရာ မရှိခဲ့၍ အလုပ်သမားများ တောင်းဆိုသော သင့်တော်သောနေရာကို စီမံနေရာဟု သတ်သတ်မှတ်မှတ် မပေးနိုင်ခြင်း၊ ရပ်နားစဉ်ကာလအတွင်း မည်သည့်လစာ၊ ထောက်ပံ့ကြေးများ မရရှိခဲ့ခြင်းနှင့် မူလနေရာ၊ မူလရာထူးတို့ မပေးနိုင်ခြင်းတို့ကြောင့် လုပ်သက်ရင့် အလုပ်သမား(၄)ဦး နစ်နာသည်ဟုယူဆ၍ အလုပ်သမားဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅)အတိုင်း အလုပ်ရပ်စဲမှုနစ်နာကြေးပေးရန် သုံးသပ်ရရှိပါသည်။

ဆုံးဖြတ်ချက် ။ အလုပ်သမား ဒေါ်သီတာထွန်းပါ (၄)ဦးအား အလုပ်သမားဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅)နှင့်အညီ နစ်နာကြေးအား အောက်ပါအတိုင်း တွက်ချက်ထုတ်ပေးရန် ဆုံးဖြတ်သည် -

| စဉ် | အမည် | အလုပ်ဝင်ရက်စွဲ | အငြင်းပွားမှုဖြစ်ပွားသည့်နေ့ | လုပ်သက် | လစာနှုန်း | နစ်နာကြေးနှုန်းထား | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်သီတာထွန်း | ၁-၁၁-၂၀၀၂ | ၂၅-၃-၂၀၂၂ | ၁၉ နှစ် ၄ လ | ၁၈၀,၀၀၀ | ၁၈၀,၀၀၀ × ၈ လစာ | ၁,၄၄၀,၀၀၀/- |
| ၂ | ဒေါ်ခင်သန္တာ | ၃၀-၁-၂၀၀၈ | ၂၅-၃-၂၀၂၂ | ၁၄ နှစ် ၂ လ | ၁၅၀,၀၀၀ | ၁၅၀,၀၀၀ × ၈ လစာ | ၁,၂၀၀,၀၀၀/- |
| ၃ | ဒေါ်နုနုအေး | ၁၉-၂-၂၀၀၅ | ၂၅-၃-၂၀၂၂ | ၁၇ နှစ် ၁ လ | ၁၅၀,၀၀၀ | ၁၅၀,၀၀၀ × ၈ လစာ | ၁,၂၀၀,၀၀၀/- |
| ၄ | ဒေါ်သရဖီထွန်း | ၁၈-၅-၂၀၁၁ | ၂၅-၃-၂၀၂၂ | ၁၀ နှစ် ၁၀ လ | ၁၅၀,၀၀၀ | ၁၅၀,၀၀၀ × ၈ လစာ | ၁,၂၀၀,၀၀၀/- |

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၄။ တောင်းဆိုသူအားပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

၄။ တောင်းဆိုသူအားပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနှစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁)ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ဇင်ကေသွယ်)
အတွင်းရေးမှူး

(လွင်လွင်မြင့်)
ဥက္ကဋ္ဌ

(ကျော်ရှိန်ဦး)
အဖွဲ့ဝင်

(ကျင်အေး)
အဖွဲ့ဝင်

(ဒေါက်တာခင်မောင်အေး)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(မြင့်အောင်)
အဖွဲ့ဝင်

(ကျော်ဇေယျ)
အဖွဲ့ဝင်

(စောတင်)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(ကျင်သိန်း)
အဖွဲ့ဝင်